ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁၀၄ /၂၀၂၆

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်)

**အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်း**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ သဘာဝဓာတ်ငွေ့အသုံးပြုသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုစရိတ်ကို လျှော့ကျစေရေးနှင့် အများပြည်သူအနေဖြင့် ဓာတ်အားခ ဈေးနှုန်းသက်သာစေရေးတို့အတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ၏ အခန်း ၂၇၊ ခေါင်းစဉ် (၂၇.၁၁) ပါ HS Code ၂၇၁၁.၁၁.၀၀.၀၀ တွင် အကျုံးဝင်သော သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ၏ အကောက်ခွန်နှုန်းအား လက်ရှိအကောက်ခွန်နှုန်း ၃ ရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၆ ခုနှစ် ၊ မေလ ၁ ရက်နေ့မှ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာကံဇော်

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘခ - ၅/ ၁/ ၃ (၁၃၆၉ /၂၀၂၆)

ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

(ဟန်ဝင်းအောင်)
ဒုတိယဝန်ကြီး